## မူဝါဒထုတ်ပြန်ချက်

Medina ASC သည် လူမျိုး၊ အသက်အရွယ်၊ကျား-မ၊ အသားအရောင်၊ လူမျိုးစုနောက်ခံသမိုင်း၊ မူလနိုင်ငံ၊ နိုင်ငံသားဖြစ်ခြင်း၊ မူလဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ မသန်မစွမ်းဖြစ်ခြင်း၊ ပညာရေး၊ အလုပ် သို့မဟုတ် ကျောင်း အခြေအနေ၊ ပင်ကိုယ်စရိုက်၊ ဆက်နွယ်ခြင်း၊ အာမခံထားရှိခြင်း၊ လူမှုအသိုင်းအဝိုင်းရပ်တည်မှု သို့မဟုတ် အခြားသောခွဲခြားဆက်ဆံသည့်ကွဲပြားသည့်အချက်တစ်ခုခုစသည်တို့သည် မည်သို့ပင်ရှိစေ မခွဲခြားဘဲ လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်များကို တုံ့ပြန်သောငွေကြေးအကူအညီ (လျှော့ပေါ့ကောက်ခံခြင်းများ)ကိုပေးရန်ကတိပြုပါသည်။

## ငွေကြေးအကူအညီပေးရေး အစီအစဉ်

Medina ခွဲစိပ်ကုသရေးစင်တာသည် ရုတ်တရက်ဖြစ်ပွားသော ကျန်းမာရေးပြဿနာများမှ ထိခိုက်စေနိုင်သည့် သင်၏ ငွေကြေးဆိုင်ရာ အခက်အခဲကို နားလည်ပါသည်။ ကျွန်ုပ်တို့ ကူညီဖို့ ဤနေရာတွင် ရှိနေပါသည်။ အမှန်စင်စစ်တွင် အာမခံမရှိသော လူနာတိုင်းသည် လျှော့ပေါ့ကောက်ခံခြင်းအတွက် အကျုံးဝင်သည်။

## လူနာများနှင့် သူ၏ မိသားစုများအတွက် ငွေကြေးအကူအညီ

ကျွန်ုပ်တို့သည် အာမခံမထားရှိသူများနှင့် အာမခံအပြည့်အဝမထားနိုင်သူ လူနာများကို ကျွန်ုပ်တို့၏ ငွေကြေးဆိုင်ရာ အားပေးကူညီသူများနှင့် ခဏတာတွေ့ဆုံခြင်းဖြင့် ငွေကြေးအကူအညီကို ပံ့ပိုးပေးပါသည်။ သင့်ဝင်ငွေပေါ် တွင် မူတည်၍ သင်သည် အရည်အချင်းပြည့်မီနိုင်သည်–

- အခမဲ့ စောင့်ရှောက်မှု
- ဈေးလျှော့ပေးခြင်းများ
- အတိုးမဲ့ပေးချေခြင်း သတ်မှတ်ချက်များ

လူနာများနှင့် ၎င်းတို့၏ လူနာအားပေးကူညီသူသည် ရရှိနိုင်သော ရွေးချယ်စရာများကို ကြည့်နိုင်သည်။ လူတိုင်းသည် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် မတတ်နိုင်သည်ကို ကျွန်ုပ်တို့ နားလည်ပါတယ်။ အာမခံမထားရှိသော လူနာများနှင့် အာမခံအပြည့်အဝမထားနိုင်သော လူနာများအတွက် အတွက် အကူအညီနှင့် ရွေးချယ်စရာများကို ပံ့ပိုးပေးရန်နှင့် လူနာအားပေးကူညီသူများအဖြစ် ဝန်ဆောင်မှုပေးရန် ကျွန်ုပ်တို့မှ ဤနေရာတွင် ရှိနေပါသည်။

## နှစ်စဉ်ပြည်ထောင်စုဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန်ချက်များ

လူနာတစ်ဦးသည် ဖဒရယ် အကူအညီအစီအစဉ်များအတွက် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါက Medina ခွဲစိပ်ကုသရေးစင်တာသည် ပြည်ထောင်စုဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန်ချက်များကို အခြေခံ၍ အဆင့်ဆင့်လျှော့ပေါ့ပေးသောစနစ်ကို သုံး၍ လူနာအားလျှော့ဈေးပေးပါလိမ့်မည်။

ြည်ထောင်စုဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန်ချက်များသည် နှစ်စဉ် ၎င်းတို့ကို ဖဒရယ်မှတ်ပုံတင်ရေးရာတွင် ထုတ်ပြန်ကြေငြာသော နေ့တွင် စတင်သက်ရောက်ပါသည်။ ထိုနေ့ရက်တွင် ရယူသော သို့မဟုတ် နောက်တွင် ရယူသောဝန်ဆောင်မှု မည်သည့်နေ့ရက်ကိုမဆို ၎င်း၏အကျုံးဝင်မှုအား လမ်းညွှန်ချက်အသစ်ဖြင့်သာ ဆုံးဖြတ်သင့်သည်။ ၎င်းနေ့ရက်မတိုင်ခင် ဝန်ဆောင်မှုရယူသည့် နေ့ရက်များကို လမ်းညွှန်ချက်များအဟောင်းဖြင့်သာ ဆုံးဖြတ်သင့်သည်။

- ဖဒရယ်ဆင်းရဲမွဲတေမှု လမ်းညွှန်ချက်များ၏ နှစ်ဆအထိဝင်ငွေရှိသောသူတိုင်းကို ကျွန်ုပ်တို့အခမဲ့ကုသပေးသည်။

- ဖဒရယ်ဆင်းရဲမွဲတေမှုလမ်းညွှန်ချက်များမှ လေးဆအထိဝင်ငွေရသူတိုင်းကို သိသိသာသာလျှော့ဈေးပေးထားပါသည်။
- ဖဒရယ်ဆင်းရဲမွဲတေမှုလမ်းညွှန်ချက်များထက် လေးဆပိုသောလူနာများအတွက် စီးပွားဖြစ်ပေးချေသူများနှင့် ကျွန်ုပ်တို့သဘောတူသော လျှော့ဈေးများကိုပေးပါသည်။

Medina ခွဲစိပ်ကုသရေးစင်တာသည် လူနာအားလုံးကို အကြင်နာမေတ္တာဖြင့် ဂုဏ်သိက္ခာရှိရှိ ဆက်ဆံ၍ ကုတင်ဘေးမှသည် ငွေတောင်းခံရုံးအထိ အလေးဂရုပြုပါသည်။

လျှောက်လွှာပုံစံများကို ကြိုတင်ဝင်ခွင့်နှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အတွင်းရရှိနိုင်အောင် စီစဉ်ထားပါသည်။ သင်သည် ဖောင်ပုံစံကို ပြီးမြောက်အောင်ဖြည့်ရာတွင် အကူအညီလိုအပ်ပါက၊ မေးစရာများရှိလျှင် သို့မဟုတ် လူနာအားပေးကူညီသူနှင့် တိုက်ရိုက်ပြောလိုပါက(330) 952-0014 သို့ ခေါ်ဆိုနိုင်သည်။ ကျွန်ုပ်တို့ ကူညီဖို့ ဤနေရာတွင် ရှိနေပါသည်။ သင်၏ ငွေပေးချေနိုင်စွမ်း၊ ရရှိနိုင်သောအစီအစဉ်များနှင့် ပတ်သက်၍ သင့်တွင်မေးခွန်းများရှိပါက ကျေးဇူးပြု၍ ခေါ်ဆိုပါ။ ကျွန်ုပ်တို့သည်လူနာတစ်ဦးစီ၏ လိုအပ်ချက်များနှင့် အခြေအနေများအား ကာမိစေရေး ကူညီဆောင်ရွက်ရန် လူနာတစ်ဦးခြင်းနှင့် လုပ်ဆောင်ပါသည်။

## လူနာများအားကောက်ခံသော အဖိုးအခကို တွက်ချက်ခြင်း အခြေခံ–

အနည်းဆုံး နှစ်စဉ်နှစ်တိုင်း Medina ခွဲစိပ်ကုသရေးစင်တာသည် နောက်ပြန်ကြည့်၍ တွက်ချက်ခြင်းနည်းလမ်းကို(1986 ခုနှစ်ပြည်တွင်းအခွန်များဥပဒေပုဒ်မ 501(r) ဘဏ္ဍာရေးစည်းမျဉ်းများက သတ်မှတ်ထားသော ပြင်ဆင်ချက်အတိုင်း) အသုံးပြု၍ AGB ရာခိုင်နှုန်း ကို အနည်းဆုံး နှစ်စဉ် တွက်ချက်ပါသည်။

Medina ခွဲစိတ်ကုသရေးစင်တာသည် 12 လတာကာလအတွင်း Medicare ဝန်ဆောင်မှုအတွက်ပေးသော အခကြေးငွေမှ ခွင့်ပြုထားသော တောင်းဆိုချက်များအပေါ် အခြေခံ၍ ပြန်ကြည့်သည့်နည်းလမ်းသုံးကာ ငွေကောက်ခံသည်။

အာမခံအကျုံးဝင်မှု အရည်ချင်းပြည့်မီသော လူနာများသည် ပေးချေစရာအားလုံးကို ကျန်းမာရေးအာမခံသို့ လျှောက်ထားပြီးပါက AGB ထက်ကျော်လွန်၍ ပေးဆောင်ရန် တာဝန်ရှိမည် မဟုတ်ပါ။

Medina ခွဲစိပ်ကုသရေးစင်တာသည် ဤမူဝါဒအရ ငွေကြေးအကူအညီရရန် သတ်မှတ်ချက်ပြည့်မီသော လူပုဂ္ဂိုလ်များထံမှ စုစုပေါင်းကျသင့်ငွေများကို ရမည်ဟုတွက်ထားခြင်း သို့မဟုတ် တောင်းခံခြင်း မပြုလုပ်ပါ။

ငွေကြေးအကူအညီအစီအစဉ်ကို လူအများသိစေရန်ကြေငြာခြင်း စီမံဆောင်ရွက်ချက်များ–

- Medina ခွဲစိပ်ကုသရေးစင်တာသည် ၎င်း၏မူဝါဒ၊ လျှောက်လွှာပုံစံနှင့် ရိုးရှင်းသောဘာသာစကားအကျဉ်းချုပ်ကို၎င်း၏ ဝက်ဘ်ဆိုဒ်တွင် ရရှိအောင်ပြုလုပ်ထားပါသည်
    - Website https://www.summahealth.org/medinasurgerycenter
    - ဆိုင်းဘုတ်ကို မှတ်ပုံတင်သည့် နေရာတွင် ထားရှိခြင်း။

ငွေတောင်းခံခြင်းနှင့် ကောက်ခံခြင်းများ မူဝါဒ

ငွေကြေးအကူအညီပေးရေးဆိုင်ရာ လူနာအားပေးကူညီသူ(များ)

Medina ခွဲစိပ်ကုသရေးစင်တာ ငွေကြေးအကူအညီများ၊ ငွေပေးချေမှုအစီအစဉ်များ၊ အာမခံအကျုံးဝင်မှု၊ Medicare နှင့်အခြားငွေရေးကြေးရေးဆိုင်ရာ မေးခွန်းများနှင့် ပတ်သက်သည့် သင်၏မေးခွန်းများကိုဖြေရန် ငွေကြေးဆိုင်ရာရှေ့နေများ ရှိပါသည်။

ငွေကြေးဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်းနှင့် အကူအညီနှင့်ပတ်သက်၍ ထပ်ဆောင်းအချက်အလက်များသိလိုပါက

- Medina ခွဲစိပ်ကုသရေးစင်တာ (330)952-0014 ကို ခေါ်ဆိုပါ

လျှောက်လွှာတင်ခိုင်းရန်အတွက်လည်း သင်သည် ဤဖုန်းကို အသုံးပြုနိုင်သည်။

လူနာအားပေးကူညီသူတစ်ယောက်ကို တနင်္လာနေ့မှ သောကြာနေ့အထိ မနက် 8:00 မှ ညနေ 4:30 အတွင်း ဆက်သွယ်၍ရနိုင်ပါသည်။